ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၂၊ အမှတ် ၅ | ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်

## မြန်မာ့အလိုအလျောက် ကုန်ပစ္စည်းရှင်းလင်းရေးစနစ် (MACCS) ဖွင့်ပွဲကျင်းပခြင်း




မြန်မာအလိုအလျောက် ကုန်ပစ္စည်းရှင်းလင်းရေးစနစ် (MACCS) ဖွင့်ပွဲအခမ်းအနားကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်နေ့၊ နံနက် (၁၀း၃၀) အချိန်တွင် ရန်ကုန်မြို့ Chatrium Hotel, Ballroom ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

MACCS ဖွင့်ပွဲအခမ်းအနားသို့ စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မှ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်ဌာနဆိုင်ရာအကြီးအကဲများ ၊ ဂျပန်နိုင်ငံဘဏ္ဍာရေးဝန်ကြီးဌာန မှ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့်အရာထမ်းများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ဒုတိယဝန်ကြီးနှင့် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့မှ ဖဲကြိုးဖြတ်၍ အခမ်းအနားအားဖွင့်လှစ်ပေးခဲ့ပါသည်။

# (၂၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ အခမ်းအနား ကျင်းပခြင်း



(၂၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ အခမ်းအနားကို ၂၀၁၇ ခုနှစ် ၊ ဇန်နဝါရီလ (၂၆)ရက်နေ့၊ နံနက်(၉း၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမ တွင်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း တက်ရောက်၍ အမှာ စကားပြောကြားခဲ့ပါသည်။ အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ် နှင့်ဇနီး ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ နှင့် ဇနီးများ ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အရာထမ်း/အမှုထမ်းများ နှင့် ဆုရရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ဆက်လက်၍ ဝန်ထမ်းကျင့်ဝတ်ဂုဏ်ပြုဆုရရှိသူများ ၊(၅)ကြိမ်နှင့်အထက် သွေးလှူဒါန်းဂုဏ်ပြုဆုရရှိ သူများ၊ ဌာနခွဲအလိုက်လုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိသူများ၊ နိုင်ငံခြားသားများကြီးကြပ်ထိန်းသိမ်းစောင့် ရှောက်ရေးသင်တန်းတွင်ဆုရရှိသူများ ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) တွင်ဖွင့်လှစ်သောအရာထမ်း ငယ်အခြေခံသင်တန်းတွင် ဆုရရှိသူများ ၊၂၀၁၆ခုနှစ် ဒုတိယအကြိမ်မြောက် အာရှချန်ပီယံရှစ် ခြင်းလုံး အားကစားပြိုင်ပွဲတွင် ဆုရရှိသူများအား ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြပါသည်။

# စာရင်းစစ်ဆေးရေးအရာရှိများ ၏ နှောင်းစာရင်းစစ်ဆေးခြင်းသင်တန်း ဖွင့်လှစ်ခြင်း




ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမတွင် ၂၀၁၇ ခုနှစ် ၊ ဇန်နဝါရီလ (၉) ရက်နေ့ ၊ နံနက် (၀၉း၀၀) အချိန်၌ ADB မှ ကြီးမှူးကျင်းပပြုလုပ်သော စာရင်းစစ်ဆေးရေး အရာရှိများ၏ နှောင်းစာရင်းစစ်ဆေးခြင်းသင်တန်းဖွင့်လှစ်ခြင်းအား ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါသင်တန်းသို့ ADB မှ နည်းပြများဖြစ်သည့် Mr. Alex , Mr. Mcrk နှင့် သင်တန်းသား/ သင်တန်းသူ (၃၀) ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်ပေါင်း(၅၈) ရက်ကြာမြင့်မည်ဖြစ်ပါသည်။

# ASEAN Border Leadership Exchange Programme အစည်းအဝေး ကျင်းပခြင်း



Immigration and Checkpoints Authority of Singapore မှ ကြီးမှူးဖွင့်လှစ်သည့် ASEAN Border Leadership Exchange Programme အစည်းအဝေး ကို ၂၀၁၇ ခုနှစ် ၊ ဇန်နဝါရီလ (၁၆) ရက်နေ့မှ (၂၀) ရက်နေ့အထိ စင်္ကာပူနိုင်ငံတွင်ကျင်းပပြုလုပ်ခဲ့ပြီး အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးထူးတက်ရောက်ခဲ့ပါသည်။

အစည်းအဝေးကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ အာဆီယံဒေသအတွင်းရှိ အကောက်ခွန်ဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ခေါင်းဆောင်များအကြား ဆက်ဆံရေးကို တိုးမြှင့်စေရန် နှင့် နယ်စပ်ဒေသများတွင် လုံခြုံရေးနှင့် ထိန်းချုပ်ကွပ်ကဲမှုကို ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးကို တွန်းအားပေးရန်ရည်ရွယ်၍ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ အတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၉၁၆.၉၁၇၉) သန်းခန့်ရှိ အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ ရေဆိပ်၊ အထူးကင်းနှင့်အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/ တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ (၁) ရက်နေ့မှ (၃၁) ရက်နေ့အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၁၁၄) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာ ကျပ် (၉၁၆.၉၁၇၉) သန်းခန့် ဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် နှင့် လေဆိပ်ကုန်လှောင်ရုံတားဆီးမှု (၃) မှု ရှိ၍ ခန့်မှန်းတန်ဖိုးမှာ ကျပ် (၈၅.၃၅) သန်းခန့် ရှိသည့်အနက် (၁၇-၁-၂၀၁၇) ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ PG-701 (1090) လေကြောင်းလိုင်းဖြင့် ထိုင်းနိုင်ငံ မှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားခရီးသည်ထံမှ Super Slim “ESSE” Light (20x10) Cigarettes (၉၃၅) တောင့်၊ Super Gold “ESSE” (20x10) Cigarettes (၁၀၀) တောင့်၊ စုစုပေါင်း (၁၀၃၅) တောင့်၊ ခန့်မှန်းတန်ဖိုးကျပ် (၅) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ အတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၉၁၆.၉၁၇၉) သန်းခန့်ရှိ အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးခြင်း




ဆိပ်ကမ်းတားဆီးမှုအနေဖြင့် တားဆီးမှု (၄) မှု ရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာကျပ် (၇၄.၄၃၉) သန်းခန့် ရှိသည့်အနက် (၁၇-၁-၂၀၁၇) ရက်နေ့တွင် HPT ဆိပ်ကမ်း၌ United Steel Group Co., Ltd မှ တင်သွင်းလာသော Ceramic Tiles (6 x 20’) အား မျက်မြင်စစ်ဆေးရာ ID တွင် ကြေညာထားခြင်း မရှိသော Porcelain Tiles (600 x 600) mm ,(20000) Pcs , (7200 m$^2$) (20’ x 5) ၊ ခန့်မှန်းတန်ဖိုးကျပ် (၆၃.၇) သန်းခန့်အားစစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ အတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၉၁၆.၉၁၇၉) သန်းခန့်ရှိ အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေဒေသများတွင် တားဆီး/ဖမ်းဆီးခြင်း



နယ်မြေဒေသများတွင် တားဆီး/ဖမ်းဆီးမှု(၁၀၄) မှုရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာကျပ်(၆၂၄.၀၁၃) သန်းခန့် ရှိသည့်အနက် (၂-၁-၂၀၁၇) ရက်နေ့တွင် မန္တလေး မှ မူဆယ်သို့ သွားရောက်မည့် ယာဉ်အမှတ် 3G/4985 အား အတက်ယာဉ်စစ်ဆေးရေးတာဝန်ကျ လက်ထောက်ညွှန်ကြားရေးမှူး ဦးဘိုဘိုအောင် ဦးစီး အဖွဲ့ဖြင့် စစ်ဆေးရာယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိသည့် သုံးထပ်သားပြားများဖြင့် ဖုံးအုပ်ထားသော ကျောက်စိမ်းဟု ယူဆရသည့် ကျောက်တုံး (၃၀) တုံး (7600 ) Kgs ၊ ခန့်မှန်းတန်ဖိုး ကျပ် (၇၀) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ အတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၉၁၆.၉၁၇၉) သန်းခန့်ရှိ အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## အထူးကင်း တားဆီး/ဖမ်းဆီးခြင်း






အထူးကင်း တားဆီး/ဖမ်းဆီးမှု (၃) မှ ရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာ ကျပ် (၁၃၃.၁၁၅၉)သန်းခန့် ရှိသည့်အနက် (၂၅-၁-၂၀၁၇) ရက်နေ့တွင် မြဝတီမြို့ မှ ရန်ကုန်မြို့သို့ ဝင်ရောက်လာသည့် ယာဉ်အမှတ် (7H/6208) အား တာဝန်ကျ အကောက်ခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မျိုးအောင် ဦးစီးသော အထူးကင်းစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Mosquito Netting In Coil (2350) kg, Metal Chair with Sofa(1300)kg, Men Shirts (Cotton) (975) kg , Women Longyi (Cotton) (800) kg , ဘောထုတ် (9600) kg ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၂၃.၃၂၅) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# မိုဘိုင်းဖုန်း၊ ကွန်ပျူတာ ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ ဇန်နဝါရီလအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှုအခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | ၁ မှု | ၁ မှု | ၀.၀၈ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | ၁ မှု | ၁ မှု | ၄.၈၄ သန်း |
| ၃။ | သစ်တောထွက်ပစ္စည်း များ | - | ၄ မှု | ၄ မှု | ၂၉.၀၅၇၈ သန်း |
| | **စုစုပေါင်း** | - | ၆ မှု | ၆ မှု | ၃၃.၉၇၇၈ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၇ ခုနှစ် ၊ ဇန်နဝါရီလအတွင်း မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၆)မှု ၊ ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း(၃၃.၉၇၇၈) သန်းခန့်ရှိ၍ (၁-၄-၂၀၁၆) ရက်နေ့ မှ (၃၁-၁-၂၀၁၇) ရက်နေ့ အထိ မိုဘိုင်းဖုန်း၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု စုစုပေါင်း (၅၃) မှု ၊ ခန့်မှန်းတန်ဖိုးကျပ် (၁၆၂.၄၆၆၈) သန်းခန့် အား အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# ဖမ်းဆီးရမိအများပြည်သူ စားသုံးရန်၊ သုံးစွဲရန် မသင့်သော စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများအား ဖျက်ဆီးခြင်း





မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ သိမ်းဆည်းမိန့်ထုတ်ပြန်ပြီးသည့် အများပြည်သူ စားသုံးရန်နှင့်သုံးစွဲရန် မသင့်သော စားသောက်ကုန် နှင့်လူသုံးကုန်ပစ္စည်းမျိုးစုံ ၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၂၆.၁) သန်းခန့်အား (၁၂-၁-၂၀၁၇) နှင့် (၁၆-၁-၂၀၁၇) ရက်နေ့များတွင် မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ ညွှန်ကြားရေးမှူး ဦးသိန်းဆွေ ဥက္ကဋ္ဌအဖြစ် ပါဝင်သော ဖျက်ဆီးရေးအဖွဲ့ဖြင့် မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး ရုံးဝင်းအတွင်း စနစ်တကျ ဖျက်ဆီးခဲ့ပါသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့်ရောက် ပစ္စည်းများအား လေလံတင်ရောင်းချခြင်း




မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ သိမ်းဆည်းရမိသော ပြည်သူ့ဘဏ္ဍာသိမ်း ထုခွဲအဆင့်ရောက်ပစ္စည်းများအား (၁၂-၁-၂၀၁၇) ရက်နေ့ တွင် လေလံအုပ်စု (၃) စု နှင့် (၁၆-၁-၂၀၁၇) ရက်နေ့တွင် လေလံအုပ်စု(၁)စု တို့အား မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးသိန်းဆွေ မှ ဥက္ကဌ အဖြစ်ပါဝင်သော လေလံတင်ရောင်းချရေးအဖွဲ့ဖြင့် စုစုပေါင်း လေလံအုပ်စု (၄) စု အားလေလံတင်ရောင်းချခဲ့ရာ စုစုပေါင်းကျပ် (၄၈.၂) သန်းရရှိခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မေးမြန်းချက်များအပေါ်ဆွေးနွေးဖြေကြားချက်များ

Sewing Machine (အပ်ချုပ်စက်) များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 8452.00.00 ဖြစ်ပြီး အကောက်ခွန် 1% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။






ကြွေပြားများတင်သွင်းလိုပါသဖြင့် Duty Rate နှင့် Form D ခံစားခွင့် အားမေးမြန်းရာ HS Code မှာ 6811.82.00 ဖြစ်ပြီး အကောက်ခွန် 1.5% နှင့် Form D တင်ပြပါကမှန်ကန်မှုရှိလျှင် အကောက်ခွန် 0% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% ၊ ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။



Copper Pipe များ တင်သွင်းလိုပါသဖြင့် လိုင်စင်လို/မလိုမေးမြန်းခဲ့ရာလိုင်စင်လိုအပ်ကြောင်းပြန်လည် ဖြေကြားခဲ့ပါသည်။



TV(LED,LCD) များတင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 8528.72.92 ဖြစ်ပြီး အကောက်ခွန် 15% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

Importer and Exporter Code (I/E Code) လျှောက်ထားရန် လာရောက်မေးမြန်းရာ ကုမ္ပဏီ မှတ်ပုံတင် Form VI , XXVI နှင့် ကိုယ်စားလှယ်လွှဲစာတို့ လိုအပ်ပြီး လျှောက်ထားရန်အတွက် MACCS ဌာနခွဲ User Registration ဌာနစိတ်သို့ သွားရောက်လျှောက်ထားနိုင်ပြီး Website တွင် လည်းဖော်ပြ ထားကြောင်းဖြေကြားခဲ့ပါသည်။



Aluminium Slide Door များ တင်သွင်းလိုပါသဖြင့် HS Code နှင့် လိုင်စင်လို/မလို အားမေးမြန်းရာ HS Code မှာ 7610.10.00 ဖြစ်ပြီး လိုင်စင်မလိုအပ်ကြောင်းနှင့် အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ် ကြောင်း ဖြေကြားခဲ့ပါသည်။



ဝိုင်များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 2204.21.22 ဖြစ်ပြီး အကောက်ခွန် 30% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% ၊ အထူး ကုန်စည်ခွန် 50%နှင့် ကြိုတင်ဝင်ငွေခွန်2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။



Surgical Mask များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 6307.90.40 ဖြစ်ပြီး နှင့် အကောက်ခွန် 15% ၊ ကုန်သွယ် လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

ဆိုင်ကယ်စီးဝတ်စုံ (Jacket) များတင်သွင်း လိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 6211.33.90 ဖြစ်ပြီး အကောက်ခွန် 20% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။





ရေငုတ်ဝတ်စုံများတင်သွင်း လိုပါသဖြင့် Duty Rate နှင့် HS Code အားမေးမြန်းရာ HS Code မှာ 6211.11.00 ဖြစ်ပြီး အကောက်ခွန် 2% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြား ခဲ့ပါသည်။




ရေငုတ်မျက်မှန် များတင်သွင်း လိုပါသဖြင့် Duty Rate နှင့် HS Code အားမေးမြန်းရာ HS Code မှာ 9004.9050 ဖြစ်ပြီး အကောက်ခွန် 7.5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင် ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြား ခဲ့ပါသည်။



ရေငုတ်ရာတွင်အသုံးပြုသည့် အောက်စီဂျင်ဘူးလွတ် များတင်သွင်း လိုပါသဖြင့် Duty Rate နှင့် HS Code အားမေးမြန်းရာ HS Code မှာ 7311.00.99 ဖြစ်ပြီး အကောက်ခွန် 1% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင် ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြား ခဲ့ပါသည်။